# Rensselaer County စိတ်ကျန်းမာရေးဌာန

## လက်ခံသူ၏အခွင့်အရေးများ

လက်ခံသူအနေဖြင့် RCDMH ၏ဝန်ဆောင်မှုများကိုNYS ဥပဒေအရကာကွယ်ထားသောအခွင့်အရေးအချို့ရှိသည်-

(၁) လက်ခံသူများသည် သတ်မှတ်ထားသော လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်စီအလိုက် ကုသသော အစီအစဉ်တွင် ပါဝင်ခွင့်ရှိပြီး ထိုအစီအစဉ်ကို လက်ခံသူများ၏စွမ်းဆောင်နိုင်မှုနှင့်အညီ တည်ထောင်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းတွင် အပြည့်အဝပါဝင်နိုင်ခွင့်ရှိသည်။

(၂) လက်ခံသူများသည် ၎င်းတို့၏ ကုသမှုအစီအစဉ်နှင့်အညီ ပံ့ပိုးပေးထားသော ဝန်ဆောင်မှုများအကြောင်းကို အပြည့်အစုံ ရှင်းပြပိုင်ခွင့်ရှိသည်။

(၃) လက်ခံသူများသည် ဆေးကုသမှုဆိုင်ရာပရိုဂရမ်၌ ကုသမှုခံယူရာတွင် မိမိဆန္ဒအလျောက် ပါဝင်ခြင်းဖြစ်ပြီး လက်ခံသူများသည် အဆိုပါကုသမှုကို သဘောတူခွင့်ပြုနိုင်မှုရှိသည်ဟု ယူဆပါသည်။ ဆန္ဒအလျောက်ပါဝင်ခွင့်နှင့် ကုသမှုခံယူခွင့်ကို တရားရုံးအမိန့်စာ သို့မဟုတ် သက်ဆိုင်သည့်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကန့်သတ်ထားရမည်။

(၄) ဆေးကုသမှုဆိုင်ရာပရိုဂရမ်အား ဆောင်ရွက်ရာတွင် လက်ခံသူ၏ အပြည့်အဝပါဝင်မှုမှာ အဓိကဖြစ်သော်လည်း၊ ဌာနရမ်းသူသည် လက်ခံသူ သို့မဟုတ် အခြားဆက်နွယ်သူတို့အား အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ကုသမှုနှင့်သင့်လျော်မှုမရှိသော ကန့်ကွက်ခြင်းမျိုးကို လုပ်ဆောင်ခြင်းမှလွဲ၍ လက်ခံသူသည် ၎င်း ကုသမှုအစီအစဉ်ကို မိမိကိုယ်တိုင်ကန့်ကွက်ခြင်း သို့မဟုတ် အခြားသဘောထားကွဲလွဲမှုများရှိခြင်းကြောင့် ထိုအစီအစဉ်မှ ရပ်စဲခြင်းမျိုး မဖြစ်စေရပါ။

(၅) စိတ်ကျန်းမာရေးဥပဒေ ပုဒ်မ ၃၃.၁၃၊ ပြည်သူ့ကျန်းမာရေးဥပဒေ၏ အပိုဒ် ၂၇-စ ၊ ကျန်းမာရေးအာမခံ အဆင်ပြေချောမွေ့မှုနှင့် တာဝန်ခံမှုဥပဒေ (HIPAA) ၏အပိုင်း ၂ CFR ၄၂ အပါအဝင် သို့သော် ကန့်သတ်ထားခြင်းမရှိသော အထက်ပါဥပဒေပြဋ္ဌာန်းချက်များအရ လက်ခံသူများ၏ ဆေးဘက်ဆိုင်ရာ မှတ်တမ်းများအား သက်ဆိုင်ရာနိုင်ငံတော်ဥပဒေနှင့် ဖက်ဒရယ်ဥပဒေများ၏ စည်းမျဉ်းများနှင့်အညီ လျှို့ဝှက်စွာ ထိန်းသိမ်းထားရမည်ဖြစ်သည်။

(၆) စိတ်ကျန်းမာရေးဆိုင်ရာအက်ဥပဒေ ပုဒ်မ ၃၃.၁၆ နှင့် သက်ဆိုင်သည့် ဖက်ဒရယ်ဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီသော ၎င်းတို့၏ စိတ်ရောဂါရှာဖွေခြင်းဆိုင်ရာ မှတ်တမ်းများအပါအဝင် လက်ခံသူများသည် ၎င်းတို့၏ ဆေးဘက်ဆိုင်ရာမှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုနိုင်ရပါမည်။

(၇) လက်ခံသူများသည် ၎င်းတို့၏ လိုအပ်ချက်များနှင့်အညီ သင့်လျော်သော၊ ကျွမ်းကျင်မှုရှိသော၊ ဘေးကင်းလုံခြုံ၍ လူသားဆန်သော၊ ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားကို လေးစားမှုအပြည့်နှင့်စီမံခန့်ခွဲခြင်းဖြင့် ဆေးဘက်ဆိုင်ရာ ကုသမှုများနှင့် သင့်လျော်သော စောင့်ရှောက်မှုနှင့် ကုသမှုခွင့်များကို ရရှိရမည်ဖြစ်သည်။

(၈) လက်ခံသူများသည် ခွဲခြားဆက်ဆံခြင်းအပြုအမူမှကင်းရှင်းစေသော နည်းလမ်းဖြင့် ဝန်ဆောင်မှုများကို ရယူပိုင်ခွင့်ရှိသည်။

(၉) လက်ခံသူများသည် ၎င်းတို့၏ ယဉ်ကျေးမှုပတ်ဝန်းကျင်ကို ၎င်းတို့အသိအမှတ်ပြုသော လေးစားသော နည်းလမ်းအတိုင်း ပြောဆိုဆက်ဆံပိုင်ခွင့်ရှိသည်။

(၁၀) လက်ခံသူများသည် ကျိုးကြောင်းဆီလျော်သော ကိုယ်ရေးကိုယ်တာ အတိုင်းအတာတစ်ခုအထိ ပါဝင်ခံစားခွင့်ရှိပြီး ထိရောက်သော ဝန်ဆောင်မှုများရပိုင်ခွင့်ရှိသည်။

(၁၁) လက်ခံသူများသည် ဝန်ထမ်းများ၏ အလွဲသုံးစားပြုလုပ်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်းမှ ကင်းဝေးပိုင်ခွင့်ရှိသည်။

(၁၂) လက်ခံသူများသည် ဝန်ဆောင်မှုပေးသူ၏ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအား ကျေနပ်မှုမရှိခြင်းများ ကို အကြောင်းကြားရန်နှင့် မည်သည့်မေးခွန်းများ၊ တိုင်တန်းချက် သို့မဟုတ် ကန့်ကွက်မှုများကိုမဆို သက်ဆိုင်ရာသို့ အယူခံဝင်ပိုင်ခွင့်ရှိသည်။

သင့်ကုသမှုကို မကျေနပ်ပါက သို့မဟုတ် သင့်အခွင့်အရေးများကို ငြင်းပယ်ခြင်းခံရသည်ဟု ခံစားမိပါက၊ သင့်တွင် အယူခံဝင်ပိုင်ခွင့်ရှိသည်။

(၁) ဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်ပါ။ သင်တို့အကြားရှိ ကွဲလွဲမှုမှန်သမျှကို ဖြေရှင်းနိုင်လိမ့်မည်ဖြစ်သည်။
(၂) ဆေးကုသမှုဆိုင်ရာ ကြီးကြပ်ရေးမှူး သို့မဟုတ် ဒါရိုက်တာနှင့် ဆွေးနွေးရန် တောင်းဆိုပါ။
(၃) ဝန်ထမ်းထံမှ အယူခံဝင်ရန်ဖောင်ကို တောင်းခံပါ သို့မဟုတ် အယူခံဖောင်အား တောင်းခံရန်အတွက် 270-2807 သို့ ခေါ်ဆိုပါ။ ၎င်းအား ဖြည့်စွက်၍ စိတ်ကျန်းမာရေး ကော်မရှင်အားပေးပို့ကာ ဖြေရှင်းဆောင်ရွက်နိုင်ပါသည်။ အောက်ပါအေဂျင်စီတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အေဂျင်စီများကိုလည်း ဆက်သွယ်နိုင်ပါသည်။

Commissioner, Katherine G. Alonge-Coons, LCSWR (518) 270-2807

Ned Pattison Government Center

1600 7th Ave

Troy, N.Y. 12180

NYS Office of Mental Health Customer Relations   1-800-597-8481

44 Holland Ave, Albany, N.Y.  12229

NYS Office of Addiction Services and Supports   1-800-553-5790

1450 Western Ave, Albany, N.Y.  12205

Alliance of the Mentally Ill of NYS (518) 462-2000

260 Washington Ave, Albany, N.Y.  12210

Disability Advocates, Inc.  (518) 432-7861

5 Clinton Square, Albany, N.Y.  12207

NYS Justice Center (855) 373-2122 (Report abuse and neglect)

(800) 624-4143  (Information and referrals)